ဆရာတော်ဘဒ္ဒန္တကစ္စာယနထေရ်
၏
ဖွားရာဇာတိ

ဆရာတော်သည် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ရှေးအခေါ် တောင်မှာရွာ ယခုအခေါ် အောင်မြို့သာရွာ ပိတောက်မြိုင်ရပ်ကွက်တွင် ခမည်းတော် ဦးမှတ်ထင် မယ်တော်ဒေါ်ရွှေကြည်တို့မှမွေးဖွားသောသားများမှအကြီးဆုံးသောသား ရတနာဖြစ်သည် အသက် ၁၂နှစ်သားတွင် လောကီဘက်အတန်းတွင်ဗုဒ္ဓဘာသာစာမေးပွဲနှင့်စတုတ္တတန်းတို့ကိုအမှတ်အ များဆုံးဖြင့်အောင်မြင်၍ စကောလတ်ရှစ်အရွေးခံရ၏သို့သော်မိမိဆန္ဒအရ မိဘ ၂ ပါး၏ ပစ္စည်းလေးပါးကိုခံယူ၍ သာမဏေဘဝသို့ ကူးပြောင်း ကာ ပါဠိအခြေခံ သဒ္ဒါ သံဂြိုဟ်ကျမ်းတို့ကိုသင်ယူပြီး မန္တလေးမြို့သို့ရောက်ခဲ့၏

## ရဟန်းဖြစ်ခြင်း

၁၃၃၀–ခုနှစ်တွင် ရဟန်းဒါယကာ ဦးဖိုးလူ ရဟန်းဒါယိကာမဒေါ်မယ်ကျော်တို့၏ ပစ္စည်းလေးပါးကိုခံယူ၍ နှစ်ဆောင်ပြိုင်ဆရာတော်ဖရားကြီးကို ဥပဇ္ဈာယ်ပြုကာ ကာရက သံဃာတော် ၄၇ ပါးတို့၏ ချီးမြှောက်မှုဖြင့်မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ခဲ့သည်။

## ပညာသင်ခြင်း

မန္တလေးမြို့တွင်အနောက်ပြင်ရှိမဟာဝိသုဒ္ဓါတိုက်သစ်စည်ရှင်ကျောင်းတွင်ရွှေကျင် သာသနာပိုင်ပိုက်ကျုံးဆရာတော်ဖရားကြီးနှင့်အသောကာရုံဆရာတော်ဖရားကြီးတို့ရဲ့အရိပ်ကိုခိုလှုံကာ စာချအကျော်ဆရာတော်များဖြစ်ကြသော ဉူးအရိယဉာနာဘိဝံသ ဉူးသြမာဝီရာဘိဝံသ ဉူအဂ္ဂဉာနာဘိဝံသ ဉူးပဏ္ဍိတာဘိဝံသတို့ထံတွင် ငယ် လတ် ကြီး ပညာများဆည်းပူး သင်ယူ ခဲ့ပြီး ရဟန်း သုံးဝါနှင့် လေးဝါ များတွင် ဇာတိအရတော်မြို့ရှိနှစ်ဆောင်ပြိုင်ကျောင်းတိုက်ကြီး၌ ပိဋကအကျော်နှစ်ဆောင်မြိုင် ဆရာတော်ဖရားကြီးထံမှောက်၌ကျောင်းသားကိုရင်များစာသင်ပေးရင်း အဂ္ဂိတ္တရနိကယ် ၁၁ ကျမ်းလုံးကိုပါဠိအဋ္ဌကထာနှင့်တွဲပြီးသင်ယူကာ ဟောနည်း ပြောနည်းများပါ လက်တွေ့ဟောပြောခဲ့ရပါသည်။ ၁၃၃၅–ခုတွင် မန္တလေးဆရာသမားများကပြန်ခေါ်၍ ပြန်ရောက်ခဲ့ရ၏ ၁၃၃၆–ခုဝါဆိုလတွင်ရန်ကုန် သာသနာ့ရိပ်သာသို့ ဆရာများရဲ့ခွင့်ပြုချက်ဖြင့် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဖရားကြီး၏ခြေတော်ရင်းသို့ ခိုလှုံကာ နာယက ကမ္မဋ္ဌာနာစရိယဖြစ်သော ဆရာတော်ဉူးသုဇာတ၏လမ်းညွှန်မှုဖြင့် နှစ်လခွဲအားထုတ်မိသောအခါဉာန်စဉ်တရားနာခွင့်ရခဲ့ပါသည် ၁၃၃၇–ခုနှစ်တွင်နယ်လှည့် ဓမ္မကထိကတာဝန်ယူခဲ့ရပါသည် ၁၃၃၉–ခုနှစ်တွင်ကမ္မဋ္ဌာနာစရိယအဖြစ်ချီးမြှောက်၍ နယ်လှည့် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အဖြစ်ဖြင့်ဟောပြောပြသခဲ့ပါသည်။

## သာသနာ့တာဝန်များထမ်းဆောင်လျက်ရှိခြင်း

၁။ အရှင်ကေလာသဝိဟာရ သတိပဋ္ဌာန်ရိပ်သာကြီး၏ ပဓာန နာယက
၂။ မဟာစည်ရိပ်သာများ၏ ပြည်တွင်းပြည်ပ နာယက ဆရာတော်
၃။ နှစ်ဆောင်ပြိုင်ကျောင်းတိုက်ကြီးနှင့် အရည၀ါသီတောရဝိဟာရတို့၏ သြဝါဒါစရိယ
၄။ မြန်မာဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌ တို့ဖြစ်သည်။